စွန့်ကြဲနိုင်ခကေ ကောင်းဖို့ . . ။

သမုဒ္ဒရာက နီကိုမျိုချခါချ
အကြားအာရုံထဲအထပ်ထပ် ပိုကျယ်လှာရခေါ်သံ
တခွန်းပြန် တုံ့ပြန်မှု
ချိုမဂ်လာတဇွန်းပင်တိုက်နိုင်စွမ်းမဟိခ
အရိုးသားဆုံးပုံအောထိုးလိုက်ခါမှ
အိုင်တီအမြင့်ဆုံး ညီးငွိသံကရာ သခင်အဖြစ်နန့်

ခေါ်သံ ကြားလား
ခေါ်သံကြားလား
တဂိုးခိုင်မဟုတ်စွာတော့ခါသီချာရေ . . ။

ယင်းပိုင်နန့် ဘောင်းစောက်သစ်တပင်ပိုင်
ဒူးမထောက် အယှုံးမပီး
ဘဝင်မခြီတယူသန်နှစ်ထပ်ကွင်းနန့်
မှောက်လှဲထား သုံးရှမ်းတင် ဆီးတားမရခြင်းထဲ
အသွင်းပီးမရ ငါ့လက်တကမ်းစာမာ
သူရို့တိဆောင့်ခြောင်ထိုင် ချောင်းကြည့်နီစွာ
ဧကန္တ ငါပင်အမိုက်မဲဆုံးလားဂု . . . ။ ။



## ကောက်ကြောင်းပျို နိဒါန်း

အားလုံးကိုချုံကြည့်ကေ
အားလုံးလေး တခမ်းတနားကို လိုလားကတ်စွာရာ
ဖြစ်တည်မှု အနက်ကျဉ်းအဖြည်တခုကို
သံရှင်မြမြထက် နှိုးသွီးပီးလိုက်တေ
ဉာဏ်ပူဇော်မခံတတ်သူရို့ အရင်းယှူးသဟဇာတမာ
အနု အရင့် အနိမ့် အမြင့် လိုရင်းမရောက်
ချိုးဆွတ်ခံအာယုတိ
အမှောင်ဝပ်ပထဝီကို နမ်းယှိုက်ကတ်လီရေ ႉ ႉ ။

သဘောအရ ငုပ်လျှိုးလားရ အလင်းတမျှင်ဖြစ်လီပတ်စီ
အတ္တကိုယ်စီမာ လူပီသချင်ခယင့်
လက်ကျန်မိုးမျှော်ကိုင်းခြောက်တိ
တသားမွီး တသီးလှချင်ကတ်စွာ အပြစ်လို့ဆိုကေ
သတ္တဝါရို့ဝဠာကိုယ်စီက ရောင့်ရဲခြင်းဆိုစွာ
ဇာအဘိဓာန်ကလေး မဖွင့်ဆိုဖူးသော လိမ်ဝါခြင်းတခု

လက်ရိုးမှုတိ ဆင်းရဲခြင်းကိုခုံမင်တတ်ခဲယာ
အညံ့စားပလတ်တီနမ်နန့် ပုံသွင်းရဝီရိယမှန်းချက်က
တဇောက်ကန်းဒေါသကိုကြီးညှိနိုင်ခလို့လား
အခန်းလပ်လိုအပ်ချက်နန့်
နာဆာမာ လမ်းလျှောက်ချင်ကတ်တေလို့ . . ။

တခါကယေမွှော ဆယ်ဖြာဓမ္မသတ်တိ
တဖက်ကံအငြိုး အကုသိုလ်ဆိုးကိုပွိဖက်
လောင်စာကုန်ဘုမ္မိ ပျားရည်ဆမ်းတလက်မမာ
ချော်လဲယင်း
တရွက်လှန်တန်ပြန်တိုက်မိုးသောက်ဖက်များစွာနန့်
ကုန်းရိုက္ခတ် သောကကိုထမင်းစားဖိတ်တတ်ခဲယာ . . ။

ကိုယ့်အပူနန့်ကိုယ် ပျိုဆင်းခြောက်ခမ်းလှာကတ်ရ
တွင်းဝက မိစ္ဆာနှင်သက်ဦးဆံပိုင်ရို့
ပီတိနန့်ဖသောက်ဆည်းဆာလှုံပြဲသဒါးအရ
တွန်သံချို ယုံကြည်မှု လောကျိတ်ရခက်လို့
ဆောက်ပြိုအနာဂတ် အလျင်လို အီးခဲလှာစွာပင်
တချက်သန်းပါးစနန့် သင်္ခါရကိုနှိပ်ကွပ်နီကတ်တေ . . ။

အစကောင်းလုပ်ရပ်က မစွန့်ဝံ့နိုင်ကတ်သိ
ဖျစ်ညှစ်ထုတ်ဖြစ်ချင်မှုတိက
ထင်သလောက်နက်ယှိုင်းမှုကိုမပီး
အရင်းပြုဇောချွေး မျက်ဖြူဆိုက်ကောက်ကြောင်းမာ
ဒဏ်ရာတိနန့်အိပ်တန်းတတ်နိုင်ကတ်ပျာမနား . . . ။ ။

## ရင်ကစီးဆင်း ရတနာသိုက်နန့် ငါ့ဥယျာဉ်

စိမ်းစိုနှိုင်ကတ်စီလို့ . . .
ကွိကောက် မဖြောင့်သောအချက်အလက်တိအဖို့
အနုည့်ဆုံးလက်ကထုဆတ်ပွင့်အာပစ်ခ
ကြိုးစင်တင်အမှန်တရားစစ်စစ်အတွက်ပ . . ။

လူသားဆန်ဆန်ယဉ်ကျေးမှုဇာစ်မြစ်ကိုက
အပွီးဝင်မတင်မကျနန့် အခြင်းများဆုတ်ယုတ်လှာခ
ကိုယ်စီမပြတ်သားမှုအတွက်
အသွားတလက်မနန့် ဇောက်မနက်ပင်ဆိုဆို
ဟောင်း လက်ကျန်ဝေါဟာရ အယဉ်သွင်းမြှင့်တင်ဖို့
ငါ့ရင်ဘတ်ထဲမာ ကဗျာတခက်ဟိရေ . . ။

ဝီးကွာမှုတချက်သတိအလစ်
သူ့ကျောင်းကိုယ့်ကျောင်းနန့်
နောက်ဆုံးသူပြန်နဖားဆွဲလားရေပွဲ
ဖမ်းဆုပ်မရ ပြင်ရွတ်လွတ်လပ်ရီးကို အထင်အမြင်နန့်ပြော
စွန့်စားတောခိုမှ အမျိုးသားရီးပီသစီရေထင်ပ
ယှင့်တိအတွက်
အဖျားမျစ်ကလောင်တချောင်းဟိရေ . . ။

ပါးရေဖက်ပေါက်ထွက်ကတ်သူချင်း
အစိမ်းဖုတ်သဂြိုဟ်လိုက်ရ ယာယီတိုင်းထွာခြင်းလောက်နန့်
ဖြစ်တည်ရ ဗေဒလွန်ဥယျာဉ်က အနားပြတ်ခတ်ကွင်းတိ
ဝမ်းမီးတဖိုနှိုးထွီးနှိုင်ခလို့လား . . ။

(တကြိမ်ဖူးသစ်မှုကို စစ်လားဆီးလား မပျင်ကတ်ပါကေ့)

တောက်ပမှုတိပြောက်သောက်မကြွိဖို့
အများဆိုင်နာမ်အထဲက ပုလဲငုပ်ကျွန်းမာ
ငါစွာ
အောင်စီဂျန်မပါရေ ဆာဒါးဟင်းချိုတခွက်ဖြစ်ချင်ရေ. . . ။

ငြိစွန်းမှု ဆန်းသစ်စီချင် ဒေရင်ဘတ်ရွတ်ဖတ်သံမာ
အညွန့်ကျိုးရာစုထက်  အထား အသို (အသို အထား)
ပိုင်ဆိုင်ခြင်းပြလျှို့ဝှက်လောကဓာတ်အတွက်
သျှိန်ဒိုင်နန့်အစပျိုး ပခက်စင်ရာဇဝင်လူသားကို
ရင်ညောင်းရိုးရာနှင့်ဓလိအမှန် ဆီးစွမ်းတခွက်အဖြစ်
ဖော်စပ်တိုက်ဖူးခချင်လို့ . . ။

တချို့က ပင်လယ်ဓားပြပေါ်ရေလို့
သျှင် လူ အရောက်အပေါက် နည်းပါးလှာသော ကျွန်း
အနုသုခုမရို့အသက်ဝင်နိုးထပြောင်းလွဲမှုများသော ကျွန်း
မသိသူကျော်လား သိသူဖော်စား
အဖိုးတန်ရတနာအကျိတ်တည်သော ကျွန်း
မတရားဖိနှိပ် အာဏာသျှင်စနစ်ကို တော်လှန်ပစ်သော
ကျွန်း
သဘာဝဆိုးကျိုးကန္တာရကြားမာ ပကတိစိမ်းစိုနီသော ကျွန်း
ဒေကျွန်းမာတောင်ဖံကျိုးငှက်ရို့
ရုန်းရင်းကြမ်းတမ်းပုံနွမ်းသဏ္ဍာန်တိ
လက်ညှိုးညွှန်းရာပင် . . ။

အလှတရားကို ဘဝနတ်သျှင်ထံပါးပသ
အယပ်တွဲလိုက်ရ တခေါက်လား တခေါက်မပြန် အို နာ သီ
ရီးထက်
ရွှီးချယ်မှုနိပါတ်ဇာတာအလိုက ဖယောင်းတစက်ကို
ဒေဥယျာဉ်မှာ တည်ခင်းပသချင်ခရေ အကောင် . . ။

(ဆုံးယုံးမှုတိ ဇာလောက်များယာလေး မမီးပါကေ့)

ဝါသနာစရိုက်အလိုက
တလိမ့်ချင်းလိုမ့်ဆင်းလှာရ အရာထင်းကျွန်ဖဝါးတောမာ
ဇာတိပုည ဂုဏ်မာနကို မြီမြှုပ်သဂြိုဟ်
ခြီရာလက်ရာတိများလို့
ဖုံတဆောင်းဆောင်းရှင့် ရိုးပြတ်ဥယျာဉ်
ခြောက်သွိဆိတ်ခေါင်မှု
တခါပြန်နုဝီဖူးသစ်
အာရက္ခသျှင်လူ အလီးထား နမ်းယှိုက်တတ်လှာယောင်ထိ
ငါ့ဘာသာ ငါ့ဝဋ္ဌာမာဖန်တီး
ဒေ နှလုံးသွီးကိုဖောက်ထုတ်လမ်းခင်းခအုံးမေ
လမ်းခင်းနီပါဖို့သိ . . . ။ ။

## သတ္တုမပါသော ဒုလ္လဘနာရီ

စွတ်စိုလိုက်တေပင်
ထောင့်မတိုင်းသော နာရီအိုတလုံးထဲ
နောက်ကျိ ဆွိုးပင်လယ်ရီကိုခပ်အသောက်မာ
အိမ်မောကျအိုးစင်းပွဲဝတ်ဆံ သောင်တင်ဒြပ်တိ
တောက်လောင်ညှိုးရော်လှာကတ်ရ . . ။

ဒေါက်ဖြုတ်ခံကတ်ရ ထုတ် ယောက် ခြင်ကန်ရို့စွာ
အစိမ်းသက်တူရာသီမီးကို တိုးဝင် လှုပ် နှုတ်မရနန့်
ဆုပ်လက်သီးဝေဒနာပြတင်းမာ မြက်ရိုင်းတိထူထပ်
မှောက်မှား
လဲချော်ထား သိုင်ခေါင်ခါးခါးကို
အာဟာရလုပ်စားသုံးနီကတ်ယင့် . . ။

တဖွဲ့ကိုက်သစ်သီး နတ်ဝှက်သီအိုရီထဲ
အတောင်ပေါက်လောဘ ရက်ရောဆက်ဆံလိုက်ပုံ
ဘင်းကျီကျဝဋ်ကြွေးရို့အနိစ္စကိုယှောင်လွဲနိုင်ကတ်တေ
ပိုးသားနန့်ရက်လုပ် ဈာန်ဝင်နိတိ
သူဆွဲ ကိုယ်ဆွဲ လွဲလို့ထော . . ။

ဘဝသျှင်မြတ်ဘုရား ဇာလောက်များများ
မသိချာမှုနန့် ဝိုးပါရစီ
ဆိုကေလေး . .
ဘရိတ်အုပ်မနိုင်ခ အမွေပုံသီကစပ်ကွက်ထဲ
သတ္တုမပါသော ဒုလ္လဘနာရီကို
ဇာနီရောင်ခြည်တိက ပြုစားနိုင်ခလို့လေး . . . ။ ။

## ဘာဝနာမမြဲ ရမွက်ကောင်းခင်

ငါစွာ တပတ်လျှော့လီးပင်နီရေ လက်တံတချောင်း
ကတ္တားမပါသောကြိယာတလုံးအတွက်
ဧဝနံရိုးပါးက ဖန်ဆင်းပီးလိုက်တေ မွီးဝတ်ရည်တိစွာ
သိမ်မွိနုညံ့ အဖြူရောင်သံစိုင်တိအဖို့
တန်းဆာဆင်ရင်အိမ်တန်းခါးရှက်ကို
ဣတ္ထိယဝဋ္ဋာပြင်မာထိုးအပ် ဖွင့်ချပစ်လိုက်တေ
ကံ စိတ်ဥတုရို့ အလစ်ချောင်းဂြိုသွီးနီစွာကိုကမမြင်
နှလုံးခုန်နှုန်းတိ အလန့်တကြားနန့်
နစ်မွန်းကူးခတ်လှာရသူ . . ။

နှလုံးကျဉ်းအယ်(လ်)ဘမ်တချပ်ပိုင်
ယှိုက်ငင်မှုတိပိတ်ဆို့လွန်းပါရေ
ဆားခတ်များ ပါးလွှာတလက်မ အငြီးလျင်မှုမာ
တံဆိပ်ဂေါင်းပြောင်းတပ်ခံရ ရည်ရွယ်ချက်လိပ်စာတိ
ဘောင်ဘက်သတ်ဒရဟောမျိုးရွှင့်နီရပျာ . . ။



တပင်လိမ် အရောင်တူမူကွဲကိုမော်ဖူး
သိုင်ခေါင်ကမ်းကိုဖြတ်အကူးမာ သံချောင်းခေါက်သံကို
ငါမကြား
ရှည်ဝင်ရိုးတချောင်း ပြန်ပြန်လည်ခြင်းက
မေထုန်အပြုတိုဖြစ်ထွန်းရေ
ဣစ္ဆာဂတ ခြုံခိုရစ်ပတ်ခြင်းထဲ
အာဒံနံရိုးတချောင်းက မျက်စိဖွင့် လမ်းပြပြီးနိုင်ခကေ

တနိက (ယစ်) ဆိုးရန့် ပေကျံစက္ကူတရွက်စွာ
ဓမ္မနန့်သောက အင်းဝနန့်ရာဇာ
ဘာဝနာမမြဲသောရမ္မက်တောက
သီရွာပြန် လူပီသဖို့ ငါ . . ။ ။

# တဏှာဝိပါတ်နဲ့အကြောင်းဆက်နန့် လည်ဖောင်လာခရီးသည်

တအောင့်တနားပင်မရပ်မနား
အကိုးအကားမပါခအာရုံစင်မြင့်မြင့်မာခုန်ဆင်း
အသစ်စက်စက်ချွတ်ပြီးခ ပြန်မရသောရင်းနှီးမှုနန့်
ဒုတိယဘုရားသခင်ကို ရှာပုံတော်ဖွင့် ခရီးဆက်လတ်တေ
ရီမွှတ်ကျမ်းသစ်တရွက်နဲ့ဖြည့်စွက်ရအလျော့ပြီးမှုတိ . . ။

ဝေယျာဝစ္စမသဒ္ဒါမှုမျိုးနန့်
အလုပ်ပြုတဖက်ကျေးကျွန်နဲ့သားကောင်း
ပိုင်သီ ရှင်တူ သီမကွဲ ယုံကြည်မှုကို M 16 ထဲ
ထိုးသိပ်ထည့်လိုက်တေ
အပြီးလျှင်ခလုတ်ကိုမောင်းတင်ဆွဲအဖွင့်
ဖောင်းဆို . . .
တစ်နန့်တစ်ပေါင်းနှစ်မရသောသုညတိ
ပြုပျင်ဖိမရခြင်းရို့ တရိပ်ရိပ်ထိုးမြင့်လိုက်မမီနိုင်လို့
ငါ့ကိုငါပေခိုးထည့် တိုင်းကြည့်စွာတောင်
အားလုံးပေါင်းလေးပေသျှစ်လက်မ
ရုန်းတက် ချိတ် ဖက်လှာရစွာ တွင်းနှုတ်ခမ်းသားတိလေး
မချောမွိနိုင်ခပျာ . . ။

အားပြုနင်းစက္ကူတရွက်နဲ့ ကိုယ့်အိမ်မာ
အရက်မတက်ဖြစ်တေကလီစာနှစ်ခေါက်ကျိုးမှုန်သုန်သုန်နန့်
ရုန်းကြွ ပြန်ထ ပြိုင်ဆိုင်မှုကိုလှန်ဖျားထောက်
အပြီးအလွှားခုန်ကြည့်မိ
ဖြစ်တည်မှု အားလုံးနဲ့အစကိုနောက်ပြန်လားနီရရုံကလွဲလို့
(ကော်ဖီခါးခါးတခွက် လျှာဖျားထက်
တောက်ခေါက်လားလီယင့်)

ဖျက်ရာပါမှင်ရည်ကြိုစက်ကရုန်းထွက်ပါရစီ
ဘယ်ညာ အပုပ်ချ ပုတ်ခတ်မှုနန့်ဝီးပါရစီ
အရိုးယှင်းဆုံး ခေါင်းလောင်းမထိုးဖြစ်တေသင်ခန်းစာအချို့
လူသားတိုင်းမက်မောတောင်းတခ ပြောတိုင်းဖြစ်
ပိုးသားကတ္တီပါတချပ်
ကိုယ့်ကိုကိုယ်အရှုံးဖြစ်တွက်ဆမီးကြည့်ရုံ . . ။

လီပြင်းတိုက်အနာစိမ်းစိမ်းရို့မှည့်ကြွီချင်ခရေ
တဖက်ချောင်းချိုလွှာရစ်ပတ်ကင်းပွန်းတပ်ခံလိုက်ရ
တဏှာဝိပါတ်အကြောင်းဆက်နန့် လည်ဖောင်လာသတ္တဝါနဲ့
ထောင့်စုံကိုအင်္ဂါထဲ ပြင်း စူးယှဒုက္ခရို့ဇိမ်မပျက်တည်းခိုမှုနန့်
. . ။

အသီယပ်မ အရှင်ယပ်မ တလက်ပီးပါ
ပရခက်ထန် ကြမ်းတမ်းလှိုက်စားမှုက
အပြီးသတ်ရွက်မြောက်ခချင်လို့ . . . ။ ။

## အာဟာရတကြောပင်အိမ်

ဖြတ်ခနဲနှိပ်လိုက်တေစခရိန်ချော့ပိုင်
ပြောင်းလွဲမှုတိ အဂင့်လျင်လွန်းပါရေ . . ။

နောင်တမသိရ အမှားတခုကျူးလွန်မိတိုင်း
အဝါချင်းမတူ ကျိန်စာထိုးရင်ရိုးတိ ပျော့ခြိုင်ကိုက်စိုက်
လုပ်ဇာတ်အညွှန်း ပြဌာန်းမဲ့ အနာဂတ်ဥပဒေထဲမာ
တပိုင်းသီခံယူချက်ရို့ တလိမ့်လိမ့်ပျော်ဆင်းလှာကတ်ရ . . ။

ကိုယ့်အဓိပ္ပာယ်နန့်ကိုယ် အပျင်းပြယ်ဖတ်ခေါက်သိမ်းရ
လိုချင်ခြင်းအချို့
ကိုယ်ထည်မဲ့သံလမ်းမာ မိုင်တရာနှုန်းနန့်
ရာသီပေါင်းများစွာကို တရှိန်ရှိန်မောင်းနှင်နီလီယင့် . . ။

နီရာတကာ ခတ်သင့်လှာကတ်တေ အလွဲသုံးစားများ
တတောင်တမိုက် ဂေါင်းတလုံးတွေးခေါ်ဝန်ခံခြင်းပြယုဂ်မာ
နိကိုအပိုင်စီး တာဝန်ကျီအသိမိုက်မဲခြင်းရို့ ပြုံးစိစိနန့်
လောကကိုကျေးဇူတင်ပါရေလတ် . . ။



ကြည့်မမြင်အာဟာရတကြောထဲ
နွမ်းရိစွာလျှော်ခတ်လှာကတ်ရ
ဝတီဖောင်နန်းက အနာဂတ်ကိုယ်စားပြုလက်ဗွီရာတိ
တဖက်သတ်ဆက်ဆံခြင်း နီးစပ်ရာ အာဏာ ပညာ
လူတန်းစားခွဲမှုမာ
ရွှိအိုရောင်လိပ်ပြာတိ အကွဲကွဲ အပြဲပြဲနန့် . . ။

ဒါဝင်မတွေးခ လူနန့်မျောက်နီးစပ်မှု သိအိုရိထဲ
ဖွဲမီးတဖိုနန့် အိပ်တန်းဝင် ခုနှစ်စိုင်ရို့
ဖိတ်စာရ လူစိမ်းသည်မြို့ပြနှ့ နက်ဖန်ခါ သန်ဖက်ခါအဖို့
မမြင်မစမ်းနန့် ဒုက္ခကိုအာဟာရလုပ်
စားသုံးနီကတ်ယင့် . . ။ ။



## အနာဂတ်ပျိုးခင်းနန့်ကိုယ်စီအတ္တုပ္ပတ်

ထိပ်ဆုံးထိတက်ကြည့် . . .
ရွှတ်မြောက်ချင်ပါရေ 'ဆို'တလုံးနန့်
နီခေါင်ခေါင်မြီသားတကွက်မာ စိုက်ပျိုးလှာကတ်
တရွက်ချင်းစုတ်ပြလား နိသခင်စီလိုရာညွှန်းကိန်းထဲ
ဝီရိယမှန်းချက် ဇရာနယ်တဖက်ကိုပါးလို့ . . ။

ကိုယ့်ကိုကိုယ်တော်လှန်ဝံ့
ဂေါင်းပေါင်းပေါင်းဝါကျတကြောင်းက
အလီးမှားထမ်းတနိုင်တပိုင်းပက်ခုံးနန့်ပဋိပက္ခကိုမြီမြုပ်ဖို့လတ်
ထော . . .
ဝိုင်းရုံမှုတဆိသျှေရာ လိုလားခစွာပါ . . ။

ကိုယ့်ကြောင့်လီထုထဲမညစ်နွမ်းပါစီကေ့
အတက် အဆင်း ရယ်သံတိ ပျောက်ကွယ်ခြင်းအစ
ဒဏ်ရာမသိရ အမြစ်တွယ်ရီသောက်မြစ်ကိုစစ်ကြည့်ကေ
အချိုသတ် လာဘ်ထိုးဖုံးဝှက်ခြင်းတဖွဲ့သျှေပတ်စီ
အစိုင်လိုက်လဲပြိုကျဆုံးဖို့ ဝရဇိန်မိုးကြိုးသွားပါရေ . . ။

တကိုယ်ကောင်းဆန်ခြင်းနန့်
အတိဿယကိုပြန်ရနိုင်ဖို့တော့မထင်
ခွဲတမ်းချရှီးထုတ်မှုထဲ စကော့ဝီစကီကိုကြိုက်တေ
စည်းဝိုင်းထက်ပြိုင်ဖက်ယှားရလှာခဆုက
ကိုယ့်ကိုကိုယ် ချစ်လို့ပင်ဖြစ်တေ
အထက်စီး အတ်ဆေ့ပါတန်းစက်ရည်တပေါက်ကိုတောင်
မယှောင်တတ်ကတ်စွာ
ရင်နာလွန်းလို့ပါ . . ။

သချိုင်းကိုတဖက်လှမ်းကုန်ဆုံးချိန်ကြားမာခလုံးသတ်လဲယင်း
လက်ချိုးရှီတွက်မိသူတယောက်က
အထပ်ထပ်သက်ပြင်း ကုဋ္ဌေတသန်းသီလို့
သရဏဂုံတောင်အလွတ်ရွတ်တတ်ခပျာလေ . . ။

ပွားမျိုးစိရှင်သန်စိမ်းစိုဖို့
လောဘအရင်းစိုက် ထိန်းကွပ်မပျိုးတတ်ကတ်စွာ
သဘာဝကိုဂျည်းပုံမချလိုက်ပါကေ့ . . . ။ ။

# မြို့ဒိုင်ယာရီ

နို့သက်ငင်ပီပြင်မှုအချင်းတပတ်က
ဘေးကျပ် နံကျပ်မရဏနုဿတိကိုပွဲဖက်ယင်း
အူသုံးလုံးဆင့် လှုပ်ရှုရှန်းထွက်ပါလတ်တေ . .။

ညို့ငင်သံပြင်းလွန်း တက်စားမရ ဆာလောင်ခြင်းတိနန့်
မတူညီကွဲပြားရ တလွဲကျစ်မွှီးမြူဝါဒကို
ဆရာတင်မြှောက်စား
သုတေသနလုပ်ထုံးနန့်
သုံးပွာရောသောက်ဆမ်းတခွက်ကိုအတွင်းစမ်းတီးဖြတ်မိ
သုံးစားမရ ဓားအိမ်ဝင့် ဓားတလက်ခံယူချက်မျိုးနန့်
အရဲစွန့်ထိုးစစ်ဆင် ဖြိုခွင်းအင်အားသုံးလှာခ
အထင်ကရမှန်းချက်က ငါ တလုံးကြားမာစောင်းလို့ . .။

ဧလောက်တောင် ခရေစီဖြစ် ချင်ခြင်းတရားတိ
ကျပ်မပြည့် ကျွန်းသစ်တတုံးပိုင် တန်ဖိုးလျှော့ ပင်းအ
အသီသပ်ဆုံးနန့်အလှပဆုံးလို့
ထင်ထားမှင်ကူးရာရို့ဖာသားလိုက်တုံးတိ
စတုရန်း မိုင်အကွာအဝီးသတ်မှတ်နှုန်းကိုတိုင်းထွာဖို့
ကြက်တွန်သံကိုစောင့်ယင်း အိပ်မောကျခရလီရေ . .။



တခုက အမြင်မှန်မရခြင်းနန့်
သားအိမ်ခြုပ်မြို့ပြနှင့်ပညတ်သိက္ခာကို
အကျယ်တဝင့်ဖွင့်ဆိုလှာကတ်
ထပ်ကြပ်မကွာလိုက် ဝဋ်တလုံးရှိက မနိုင်မနင်းသတ်ပုံတိ
လိုင်တင်ခံရမှုကိုမညီးငွိနိူင်ကတ်ယာ ..။

ဇီဝမတိုးခ ဖာထီးမှုတိုင်းမာ
အရီကျွတ် ပစ္စုပ္ပန်တခင်းဒွိဟနန့်ပျော်ပါး
သားသတ်လိုင်ဆင်ရ လှံကိုင်ရဲတင်းသျှင်ရို့
ပါဏာတိပါတ လိမ်ဝါထိုးကျွေး ပြောင်မြောက်လိုက်ပုံက
အရှို အနောက် တောင် မြောက် နဂရ
ဘုမ္မိရို့စည်သံကိုတိန်းလို့
ပြန်ပြောခွင့်မရ အသက်ငင်မွန်းကျပ်ပိတ်ဆို့မှုကြားမာ
မာရယုချိုင်ကြိုးတပင် ပွင့်ဖိုနန့်ပုဆိုး မှားဝတ်လို့
ဒဏ္ဍာရီဆန်ရေ
မယုံကေ ကြည့် ...
နန်းရာကုန်းထက်မာတောင်
ဆပ်ပြာတောင်းနီလိုက်ကတ်ပုံတိ ...။ ။

## တနိုင်တပိုင်သီဆုံးခြင်း

ထို ရှိတည့်တည့်နား နီရာရွတ်တခု
တခေါက်အညောင်းဖြယ် ဝင်ထိုင်ဖို့ကြိုးစား
မလှမ်းမကမ်းအရောက် ပုရစ်မျက်နှာပြမှုက
(No Parking)လတ် . . ။

ခဲပျစ်ရအမြင်မှန်ရို့ ရင်ဘတ်ကိုစည်တီး
ဖြူပုလဲနှစ်ဖက်ကြားက အရင့်အမာတိဒရဟောပြီးထွက်တေ
တမြုံ့မြုံ့နန့်ဝါရင့်ပါလတ်တေ အနိုင်ယူဖိနှိပ်မှုတိ
အထစ်ထစ် အငေ့ါငေ့ါအချိုးမကျခြင်း
သံမဏိမူပရပိုက်တော်ထဲ
ရီမာအရှုပ်ဆွဲ တုပ ကိုင်းညွှန့်လာရသူ
ဖန်ဆင်းသျှင်အသစ်ကိုရာ တခါပြန်တမ်းတလိုလားခ . . ။

စည်းမကျော်ရဒါသီကျအမိန့်ကြားမာ
အတောင်ပေါက် ဇရာ နတ္ထိနန့်သူတပြန်
ကိုယ်တပြန်လုံးထွီးယင်း
နာရီသိုးကိုတဝကြီးစားလို့ ဥပဒ်ကသခင်ဖြစ်တေ
အပိတ် အဖွင့် မျက်ခမ်းထက်အပွီးကားကားရို့
ချိုင်အားကြီးရေပင် . . ။



ထိုးဝါးကန်ချိန်တောင်မရလိုက်
နောက်ထပ် . . .
. . . . . . . . . . . . . . .
ဝတ္တရားနစ်နာမှုနန့် ယမကာခွက်ထဲ တခါပြန်ဆင်းချိုး
သို့ခြောက်အကာတဖွဲ့ နူးဖတ်ပျော့ညှံ့ချင်တုန်းရာသိ
ဗလအားကိုးထင်ရာစိုင်းမာရ်နတ်ရို့တင်းမာလိုက်ပုံများ
ညမထွက်ရ ပုဒ်မက(၁၄၄)

အိန်း . . .
(တမိုးသောက်လုံးမြုပ်နှံ့ပါလတ်စွာ နီရာလွတ်ကိုမဟိ)
. . . . . . . . . . . . . ॥ ॥

# မွီးဖွားခြင်းမှ

အဖြစ်နန့်အပြစ်ကိုစိခြုပ်ရဒိုင်ယာရီအလွမ်းတပိုဒ်ပိုင်
ခေါက်သိမ်းဂေါင်းအုံးဖို့ အကျိုးဖန်ရက်ချုပ်တခုထဲ
ဗေဒလွန်နက်ယှိုင်းမှုလိုအပ်ချက်က အမှန်တရားအတွက်
ပီးဆပ်ခြင်းနန့်တည်ဆောက်တတ်ခပျာ . . ။

ခနဖန်ခွက်က ကမောက်ကမသတ္တိကြွမှုမာ
အရိပ်သန့်သန့်တဗူးတောင်မပိုင်ဆိုင်နိုင်သိ
အဝါဆင်တမန်တော် ရဲဝံ့ပြတ်သားမှုတိက
အခါခါကျွမ်းဆွီးရှူးသွပ်ရယောင်ထိ . . ။

ရဲစွမ်းသတ္တိနန့်နီ့ကိုတောင်းချီတက်လှာခ
စပြီးယင်းစ လိုအပ်ချက်တိအတွက် အစာတပ်ပစ်မိခ
လည်ဖောင်လာ မနုဿဆုံလည်တခုဇ္ဇ တုံခါညို့ငင်မှုနန့်
ဝတ္တရားမပျက်တထစ်ချင်းခွတ်လားခင်ပွန်းကောင်းလီစိမ်းတိ
ပြင်းထန်စီခရေကား . . ။

အချော အကြမ်းပေါင်းစပ်မှုတခုအတွက်
ကလီစာရာသီမြစ်မာ မျက်ရည်တိဖောက်သွန်လို့
အလိစီထိုး အံ့ဝင်ဂွင်မကျ နာတာရှည်အဆိပ်လူးမြှားတစင်း
နီရောင်ငုပ်ပကၡဒိန်ပျိုထက်
ဇောချွေးမကန်မကန်ကိုခင်းကျင်း
ယေလေ့ တဖက်နှိတ်ကုန်ဆုံးချိန်တိရာ
ဝှန်ကျပုပ်သိုးလှာရေ . . ။

တဒင်္ဂဖြစ်ပွားမှုမျိုးနဲ့ မလျော့သောဇွဲတိ
ကိုင်းညွတ်နဲ့ ပြန်တည့် အရိုက်ချွတ်ဖဝါးသက်လုံးနဲ့
အီးအီးစက်စက် လက်ရွတ်ကေကျီဆက်ဆံခြင်း
မြီကြီးကိုနင်းဖြတ်
ရောင်း စွံ တပြားမရ ဒါဒေါင်ကျခြင်းရို့ထပ်ပါလတ်တေ
အနီမတတ်ခြင်းနဲ့ နီတတ်ယောင်ကြိုးစားနှိုင်ခပျာ . . ။

နားလည်မှုကိုခြင်ကြည့်ယင်း
အမာရွက်နန့်တေးသီရအကြံကျပ်ဆိတ်ခေါင်မှု
တရွက်လှန်တိုင်းအယှုံး ဘူသရေမဟိကြွင်းရလဒ်နန့်
ပဲ့ထိန်းမဲ့ရီသီဗဟိုကို မရမက စိုက်ထူလာဝီရိယရှင့်တိ
ကမ်းပါးကသဲတစကိုပင်မတို့ထိနှိုင်ခ . . ။

နောက်ဆုံးရသတင်းတပုဒ်နန့်
တနီရာစီအူကြောင်းခွဲဂေါင်းဖြီးလှာရေ
ရွစိစိသန်းတကောင်အစာငတ်ဆန္ဒပြရေပိုင်
အောက်ခြီပြတ်ရိတ်သိမ်းလား အမွီးအမျှင်ကြားမာ
ရင့်သီးခြင်းနီညိုချိန်ကို ဇွဲကောင်းကောင်းနန့်ဖြတ်မေ။ ။

## သိုလှောင်ခြင်းနက်ဖန်ခါသို့

နိစိုင်မော်ဖူးရအရုဏ်ပန်းချီတချပ်
ကြိုင်လင်ပြတ်သားခြင်းမတွိ
အဂင့်ပင် မတွိ
မတွိ . . ။

ခြစ်ရာ ကြောင်းရာမဟိ အခေါင်ဖြုတ်မှန်သားပြင်အောက်
ကျွမ်းဆွီးစပြု ကိုယ့်ကိုကိုယ်စီရင်ဖို့
ကြိုးစားနီသူတယောက်ပိုင်
အကျည်းတန်နီလိုက်ပုံတိ . . ။

မှတ်မှတ်ရရ ခေါ်ထူးပါလတ်တေ ဝေါဟာရတလုံးတောင်
စွန့်ပစ် အညစ်အကြေး ဖုံးလွှမ်း အခိုးအနံ့တိကြားမာ
စိကြားပြတ်ထွက်ရ ချိုင်ကြိုးတပင်သဘောသဘာဝက
တဖောင်ကူးမနေ့ာတိ ကျိုးလို့ ကြီလို့ . . ။



အရောင်တင်သုညတလုံးစစ်တမ်းကို
ဇလဗေဒသတိပြီးချက်အရ
အလှည့်ကျပေါက်ရောက် ဒြပ်မဲ့သူ့အချိန်သူ့အခါတိ
အခါခါ ထုတ်ရှင့်ပြသနိစ္စာ အညွှန်းမပါရေဇာတ်က
ရယ်သံတိ တိန်းဆိတ်မိနီလို့ . . ။

နိဗ္ဗာန်ဟိသရှိသွီးမိခ အနာပါပတ္တမြားတလုံး
ပွတ်ရာ တိုက်ရာနန့် ပွန်းပဲ့မြောင်းထယင်း
နှစ်ကာလပိဝပ် ပုံထပ်လှာရ အညှက်အဆွီးတိ
လတ်လတ်ဆတ်ဆတ်သော့တချောင်း
ပရိယာယ်နှင့်တမျက်နှာအကူးမာ
လုံးထုတ်သန့်ယှင်းခွင့် အမှန်ပင်ရချင်ယင့် . . . ။ ။

# ကွက်လပ်

တဒုန်းဒုန်းနန့်ယှုံးနိမ့်ပါလတ်တေ
တခုခုလိုနီရေ
တခုခုလိုနီရေ . . ။

မြတ်နိုးမှုတယုတယနန့်ပြုစု
အပြောင်မြောက်ဆုံးကမ္ဘည်းထိုးကတိ
အထပ်ထပ်ပုံအောပြီးခါမှ
ငြိုးအားကောင်း လီညင်းဖြိုး မှတ်သုန်တစင်း
ရက်ရက်စက်စက်ကိုကြွီလို့
တခုခုလိုနီရေ
တခုခုလိုနီရေ . . ။



ဝေဒနာလူးညည့်ပလင်ထက် မှောက်ပြန်လူးရှဲ့
အိပ်မက်တထောက်ညရှို့ လန့်ဖြန့်ရှင့် ဆောက်တည်ရာမရ
ပုစ္ဆာရိုင်းဂူအောင်းစကားလုံး စိန်ခေါ်ကျင်ကွင်းမှုထဲ
ရှိဆို ..
အဝါကဒ်တော့ရလိုက်တေ
တခုခုလိုနီရေ
တခုခုလိုနီရေ ..။

ထစ်ချုန်းရှာ ကိုယ်ခွာ စိတ်မကပ် စံပြလိပ်ပြာရှို့
ဖိအားပီး အနိုင်ပိုင်းထိန်းချုပ်မှု လှောင်ခြိုင့်က
မျှော်လင့်တကြီး စိတ်ရွတ်ကိုယ်ရွတ်
ဝါးခနဲသန်းပိုင်ခွင့်ကိုလိုလား
ပင့်မ ကရုဏာယှောင်ပုန်း အခမ့်လောင်မီးပွားခြင်းတိ
လက်ညှိုးထိုးပေါက်ကိုမရ
တခုခုလိုနီရေ
တခုခုလိုနီရေ ..။

ခလိဆန်သင်္ခါရလုပ်ထုံး ခိုင်းစီခြင်းအရ
အခန်းဆက် အော်ပရာနှစ်ပါးသားကို ပါးကွက်ကျားကပြဖို့
တခုခုလိုနီရေ
တခုခုလိုနီရေ
......
.........။ ။

## လောင်းရိပ်ပိသကြဇ်

အခင်းအကျင်းမိ ဘဝတိထဲ
ကြမ်းတခင်းစာဂေါင်းချဖို့ ခြုပ်ရဖာရ
စာနာမှုတရားနည်းပါးလွန်းလို့
ဝင်ရိုးဇွထာင့်စွန်း အလင်းပျပျတိထဲ
မသိချာကေလေ့ သဇင်ကြွီဆင်းယင်း
မြို့အဝင်ညည့်က မှောင်လွန်းရေ . .။

မာယာသျှင်အသစ်ကိုဖန်ဆင်းဖို့
ရှီနန်းအလယ်မာ မထည်ဝါနိူင်ခရေ
အပယ်ခံလူသားရို့ရပ်တည်မှု
ရိုးမဇွတက်ခေါက်သံနန့်တတူ
မရဏာတန်းခါးကို အခါခါခေါက်
သိဆုံးနီကျဘဝက ပပါးသျှေရာ . . .။

လမ်းဟောင်းရာဇဝင်ထဲ ပစ်စလက်ခတ်
အိပ်တန်းပြန်ငှက်သျှေရို့
ဝံသာနုစစ်တမ်းကိုဖြတ်ကျော်
နန္ဒိုးထထွီးအသိုက်အမြုံတခုအတွက်
မျက်ရည်တိ ဇာလောက်လိုအပ်သိလေး . .။



အတိတ်မှာ ဝံလက်ရှိ့သွီးသားတော်စပ်ဖူးခ
အရိုးခံဆန္ဒအကွာအဝီးတိကို
ရှိအိုရောင်နက်ဖန်ခါအတွက်
ကိုယ့်သမိုင်းကိုရီး ကိုယ့်ဇာတ်ကိုခင်းကတ်မေ ..။

ပုံသဏ္ဍာန်အမျိုးမျိုးနန့် နှလုံးသားကိုခားနန့်ခွဲ
တသက်စာယှုံးနိမ့်မှုအတွက်
နှီလယ်ခေါင်မာလမ်းထလျှောက် ကန္တာရခရီးသည်တစု
ကိုယ့်ပေါင်သားကို ကိုယ်လှန်ထောင်း
နှီဦးဆိုစွာ သံမဏိကိုလောက်ကျွမ်းပြာကျစီရေပိုင်
ပုဒ်စာမဟိရေ ပဟေဋ္ဌိတခုထဲ
လောင်းရိပ်ပိနီကတ်စွာ ဝမ်းနည်းရေ . . . ။ ။

# မှုန်ဝါးပြယ်ဂန္ဓဝင်

ကိုယ့်အဖို့နန့်ကိုယ် လောင်ကျွမ်းရဖြစ်စိုင်တော်ဇွ
အဆုံးသတ်ခွင့်မရရေ ဇာတ်လမ်း
ဝေဒနာနိပယောဂခါးသီးခြင်းကြား
နိဂုံးမလှ ဇာတ်ဝင်ခန်းအဖြစ်နန့်
လူဖြစ်ရခွင့် အယုံးကြီးယှုံးရေ ဘဝ . . ။

နိစိုင်မှတ်တမ်းတိကို
မိုးတပြက် နီတပြက်မာ ထုတ်လှမ်း
အလစ်ချောင်းဥတုရို့က တရွှားရွှားနန့်
ပြန် ပြန် အဖတ်ဆယ်လို့ကိုမရ . . ။

ရက်စက်မှုတခါတရီဆိုကေလေး
အတွင်းကြီဝတ္ထုရို့ခမျာ
ကမ်းမမြင် လမ်းမတွိ နလန်မထူနိုင်ရေကြား
ဂေါင်းပုံဖြတ်တတ်တေ အမိုက်ညည့်တိ
များလိုက်တေဖြစ်ခြင်း . . ။

တစုံတခုသော ကိုယ်စီဘေးထွက်ကောင်းကျိုးတိ
ဒေပိုင်ဂျည်း မှောင်မိုက်စွာဆိတ်သုဉ်းရဖို့လား
ဂေါင်းချင်းစပ်အဓိပ္ပာယ်ကိုလိုက်နှိုးယင်း
အလန့်တကြားကျပျောက်ရ အိပ်မက်
မှုန်ဝါးပြယ် ဂန္ဓဝင်နှလုံးသားတိအတွက်
အရိုင်းဆန်သုညတိကရာ ဘဝင်တခိုက်ခိုက်နန့် . . . ။ ။

## ရိုးမသစ်သီး

တိုင်ပျာယေ ၂၃၀
စောင်းကြိုးခတ်သံပိုင်
တဖြုတ်ဖြုတ် လိမ့်ကြွီပါလတ်စွာတော့မဟုတ်

အင်္ဂါမညီပေ့ါပျက်ပျက်အနှစ်သာရ
စရန်ပီးခိုင်မာခြင်းမျိုးက
စိတ်ကြိုးပြတ်ဖိနပ်တရံမှာ မန္တန်ရွတ်တဖက်လှဲဖို့လိုနီ
အငွိပ်ျခေတ်လုံးအခန်းခွဲပြဿနာအစပျိုးရာက
တစိစိဂလုံခံလှိုက်စားလှာကတ်ရ
တစာစာနန့်မြီခကြီကွဲရ ဝေါင့ှက်တကောင်နှ
အန္တိမ မတိုင်ခင်တပ်မက် အပြင်းပြဆုံးဆန္ဒက
၁၁၄၆ က ကိုင်းညွှန့်လဲလားခ
သားမတင် အမြစ်ပြတ်ရိုးမသစ်သီးတလုံးကို
မြည်းစမ်းခွင့်ရကေ . . . ။ ။

## ပကတိထိုးတန့်နီသောလက်တံ

ဂုမှ . . .
ခြီဆုံးဂေါင်းဆုံးကြည့်ဖြစ်တေ
ရုပ်က ပုံမှန်ထက်အဆီကျပြင်းလှာစွာ
အားလုံးထက်မိတ်ဆွီကောင်းပီသလို့ . . .။

သားဆုံးမိခင်တယောက်ပိုင်
တရှုတ်ရှုတ်နန့်ယူကျုံးမရတပိုင်းသီရေအဖြစ်
တလိမ့်လိမ့်ထိန်းမနိုင်တာကျိုးပါလတ်စွာ
ပုံမှန်ထက်ပိုင်နယ်တူးလှာရေ ချစ်သူ . .။

လုံးဝ အိပ်ရာထဲ ဝေါက်ခနဲပျော့ခွီလဲလား
တောင်တန်းတိ ပင်လယ်ကိုထမ်းလို့ လီးရေ
ကွင်းပြင်တိ နက်ယှိုင်းမြောင်းထပါလတ်တေ
ယေကေလေး ချစ်သူ . . .
အလျင်ထက်ပြင်းယှယှကိုမှ ကြိုက်တေ . .။



အပြုံးတုကိုရှရောင်ကွပ်ပြဌာန်း
စတေကာတိုးပစ်လိုက်ရုံနန့် ကိစ္စပြီးမြောက်တေထင်ခစွာ
ကျူတံမသိခ လိုက်လျှောအယုံးပီးမှုတိပါ ချစ်သူ . . ။

အားလုံးကအတွန့်တွန့်အခေါက်ခေါက်နန့်အာရုံတိမှုန်ဝါး
ခွဲခြမ်းစိပ်ဖြာမရယောင်ဆယ်စင်းမက
အဟိန်ပြင်းပြုဆင်းခြင်းတိ ခွဲဝီပီးမရ
အရိုးဆွီးသည်းခြီပန်းဖွလိုက် ပဲ့ကြီခြင်းကြားမာ
ကြံကြံဖန်ဖန် စုပူးထဲထိုးထည့် အတောင်ပေါက်နှိုးစက်များ
ဧလောက်ပင်ထိုးတန့်ဖို့အမိန့်ပီးခလီရေလား ချစ်သူ။ ။



## ဝင်သက်မှားခြီသံတစုံ

ever times ဖြစ်နီလိုက်ပုံက
တပတ်ပြီးတပတ် နှောင်ထုံးတွေဝေခြင်းတိ
တိုကန်စောင့်လူနာတယောက် ဂနာမငြိမ်ခြင်းမျိုးနန့်
ဘုရားမသိ ကျမ်းပြီးလားရေမိတ္တာဗလပိုင်
စွတ်စိုထားသံချောင်းခေါက်သံက နား၀မာအပိုင်းပိုင်း
ကြက်သီးမွှီးညင်းရို့ကိုယ့်ကိုချိုးဆစ် ထုံကျိုင်အီးခဲမှုတိ
လက်တို့ နှုတ်ခွန်းဆက်သရုံကလွဲလို့
အရာအားလုံးက ပကတိကွဲလွဲခြင်းများစွာ . . ။

အဖော်လုပ်ဆန့်ကျင်ဖက်ကတဆိပင်မျှတခြင်းမဟိ
တချက်တချက်နှုတ်ယူလား
အစိုင်အခဲသွီးခုန်နှုန်းဒီဂရီအပြည့်
တမိုးသောက်လုံးရီမချိုးရ ပေါက်ပြုမှုကိုယ်စီနန့်
ထရံထက်ကအလွမ်းများ
မနပ်တနပ်စားဖူး ထုထွင်းရာနာမည်တလုံး
ပြန်ပြန်ရှိတွက် အခန့်မသင့်မှုများ
နားလည်ယောင်နန့်နားမလည်ပဲတီးခတ်ရ ၁၂ ပင်
ကကြိုးထဲ
ဒို ရေ မီ ဖာ မသိသော
ခြောက်လှန့်ခြင်းအညောင်းဆိုက်မှုများ

ဖြစ်စိုင်ဓမ္မတာရို့အရီပါးပေါက်ပြဲ
တခါကလိုက်လျောပီးဖူးခ
မိုးတစက်လီပြင်ကနီကြွတ်ပါလတ်တေ
အရိပ်မသိရ မစိစစ်မှုအတွက်ဘယဆီးပင်တိလေးယှားရေ
တထည်နွမ်းအရောင်နန့်
နှီပြင်လှိုင်းထမှုကိုတေးသီဖို့ကြိုးစားခစွာလေး
လက်လွှန် ခြီလွှန်ရာမနား . . ။

ယင်းပိုင်နန့် . . .
အသက်ယှုမွှန်းကျပ်ဆို့ပိတ်ခြင်းကြားမာ
အခန်းအပြင်က ခြီသံတစုံလူးမဆင်းနိုင်သိစွာ
အယောင်ယောင် အမှားအမှားနန့် . . . ။ ။

## မီးခိုးမထွက်တဲ့ရွာ

ကြားအောင်ပြောမေ
တအီအီနန့်သူကရာအနိုင်ပိုင်းတတ်တေ ..။

နီရာဒေသအလိုက်
တူညီခြင်းအမှတ်အသားတခုစီလန်ပြုတ်မလားယောင်
အခိုင်အမာကို နှိပ်ခတ်လှာကတ်ယင့် ..။

တွေဝေခြင်းရို့ပေါင်းစုထားအဝိဇ္ဇာပျဉ်ထောင်အိမ်မဲတလုံးထဲ
ထော ချစ်တေ မုန်းရေ ကရုဏာ မေတ္တာ ပေါင်း နှူတ်
သံယောဇဉ်
ရစ်ပတ်ဗဟိုပင်မထဲ
တယောက်ကိုတယောက်မခွဲနိုင်မခွာဝံ့ကတ်စွာ
ဖြစ်ရိုးဖြစ်စိုင်လို့ ထင်မှတ်နီကတ်ယင့် ..။

ဓမ္မသီကျင့်ဝတ်အနားထပ်ပုဒ်မကိုသမုဒယနန့်စစ်ခင်း
အထင်ကရမှန်းချက် ပြောဆို ယဉ်ကျေးမှုရို့အဆုံး
မှတ်မှတ်ရရ အင်အားဖြည့်တပ်စွဲနီရာယူမိခါမှ
ဖောက်ခနဲ
တချပ်ပြန်လှန်အသတ် ဒိုင်စားမှန်းသိရေ ..။



တလှပ်လှပ်တောကမြင်ကွင်းတိ ဆာလောင်နီကတ်ယင့်
မာယာပြိုမိုးရိပ်ရို့ပုံမှန်ထက်များလားရေအဖြစ်မျိုး
ကပျာကယာ သာယာမှုအစပ်နား
ခြီဆန့်ဂေါင်းဆန့်အိပ်လိုက်ပါအုံး
ထွက်ခွာချိန်ကျ အသူကငြင်းဆန်နိုင်လို့လေး . . ။

ယင်းပိုင်ပျာယေ
မကြားချင် မမြင်ချင် မခေါ်ပါကေ့လို့
ဇာလောက်ပင် ဝါရင့် သမ္ဘာရင့်ဆိုဆို
ဆို့စပ် မျိုးစပ် တဖောင်စီးမီးခိုးမထွက်တေရွာကို
တချိန်ချိန် အသင်ရို့လေး ပုံမှန်လွမ်းတတ်လှာလိမေ။ ။

## ရုပ်ပြပည်တ်တခုက မိုးမလင်းဘုံ

တခုချင်းစီလိုက်ကောက်နီရယင့်
ငယ်သံပါယောင်ခေါ်ရ လောကီကာမဂုဏ်စည်းစိမ်ရို့
အသတ်မတူဝဂ်ပုံစံမျိုးနန့်စိမ်းကားယှောင်လွဲလိုက်ပုံတိ

အပူလွှန်သတိသံဝေဂ လက်သုံးမာနတဖွဲ့စာကို
မပြည့်စုံခြင်းရို့ဖုံးအုပ် နီမပွင့်အရပ်ဒေသမာ
အရည်ကြဲ မြီသြစာနန့်
သုတဆန်ဆန် ပြောတတ် နီတတ် ထိုင်တတ်ဖို့
လျှော်ဖွပ်လှာရချွေးစက်တိလေး ပါးလို့ . . ။

အနှစ်ချုပ်ဆင်မြန်းလှာရ ကျဘမ်းသက်လုံးအချို့
အလုအယက် ဆီဆမ်းထွက်တေ ပျို အို
နိဂုံးတမ်းခြင်းမဖွဲ့ခင်
တိုတိုနန့်လိုရင်းပြီးသုခတလုံးကို
ဒုတ်သီမုတ်သီလိုက်ရှာယင်း
အိုင်ထွန်းလှာရ မျက်ရည်ပုံညများ
ပရိတ်သတ်မလို ကိုယ်ဆို ကိုယ်တီး ဖြေဖျော်တင်ဆက်မှုထဲ
အပြိန်းပြိန်းထ ရုပ်ပြပည်တ်က မိုးမလင်းဘုံမာ
အကျိုးသက်ရောက်မှု နိုးလက်ခုပ်သံတိ
ပြန်တင်သံလှိုင်ဖူးခချင်ယင့် . . . ။ ။

## အညှာခိုင်အမွှီးဆုံးပန်း

အစကို အထုပ်ထဲဖြဲရှာ
တလှမ်းချင်း တစချင်းဆွဲဆုတ်ပစ်ပက္ခဒိန်အထပ်ထပ်
ခြီရာလက်ရာမပျက် အတိုင်းသားပြန်ဖြိုးမောက်ပါလတ်တေ
ပန်းမဝင်နိဒါန်းသဘောအရ ဇာကိုအပြစ်ဖွဲ့ဖို့လေး . . ။

အသိတလုံးနန့်ပုံဖော် ပွဲထုတ်လှာခကာလာစုံဖြစ်ချင်ဇောတိ
အလှပဆုံး အလျား အနံ ချိန်ဆပစ်တင်လိုက်ခါမှ
အလီလီ အဖန်ဖန် ဧရိယာပြင်ပကိုချိတ်ဆက်မိနီလို့ . . ။

ယင်းပိုင်နန့်
အိပ်မောကျလက်သည်းချွန် ရာဂကိုယ်အိမ်မာ
ဖြည့်မပြည့် ကျီလှောင်ရမှုအတွက်
တပင်တိုင်ခြီလိမ်ကျိတ် လောဘကပေါက်ဖွားနှုန်းလျင်ရေ
ကြီးထွားခြင်းကာမကြောင့် တဏှာနန့်ငြိစွန်းနီကတ်စွာ
အမောဟတိစိမ်းလန်းနီကတ်ယင့် . . ။

စွန့်ပစ်ရခက် ကိလေသာအညစ်အကြေးကြားမာ
ပိပိပြင်ပြင် အပုပ်ကောင်ကို သရုပ်ဆောင်လှာကတ်ရ
တရှိုရှိုကုန်ဆုံး ပမာဏများပြား မရဏစန်တီမီတာထဲ
ဓမ္မပန်းကိုနှလုံးသွင်း မမြင်မချင်းကတော့ကေ
သံသရာလမ်းမှား အပယ်တန်းခါးက ပွင့်ဟနီဖို့သိ . . ။ ။

## ဘဝတော်သူတယောက်ဝတ်လက်စဘဝ

သောက်လက်စပန်းတူရို့
အငှားခန္ဓာနန့်လမ်းလျှောက်တတ်ခယာ
ရင်ချင်းဆက်ဥတုငွိဖြူပွင့်ဖတ်ရို့
စောစောစီးစီးမွိုးမြနီကတ်ယင့်
ဆိုးခြင်း ကောင်းခြင်းဒွန်တွဲထားအာဝါသက
တည်ငြိမ်လိုက်တေနှန်း . .။

ကျဉ်းမြောင်းဘောင်တခုကတန်းတူးညီမျှခြင်းလတ်
နှင်းဆမ်းထား ပန်းရို့လန်းရာမြီမာ
ကိုင်းခြောက်နင်းရီသောက်ဆင်းလှာခ
အဖော်ကွဲဉသြတကောင်ပါ အမင်
ကြိုးစားရပ်တည်မှုကိုအစားထိုးမြောက်ကြည့်ပါရေ
ရလဒ်ဖရိုဖရဲနန့်ဇနက္ကကိုအားကျမိခစွာ
မွိုးရာပါဗီဇ ပင်ကိုယ်အားနည်းချက်က
၁၁ မီးငြိမ်းအီးချင်ခရေ အကောင် . .။

ပဉ္စုပ္ပန်အာဟာရဓာတ် ဝန်ဆောင်မှုတခုချင်းစီက
အလှကိုဘဝနန့်မရင်းတတ်တေစက္ကန့်သိုးတိ
အခပီးများသလောက် တနိထက်တနိ အတုတိပေါ်ရေ
အနုစိတ်ဗေဒနန့်ခွဲစိပ်ခ အကၡရာအချို့လေး
ထမင်းကျန် ဟင်းကျန်တောင်းစားနီကတ်ယင့် . .။



ကောင်းစားဖို့အကျင့်တိ
အရည်ကြို သံသရာညစ်ိုးတန်းမာ
နှစ်ခေါက်ချိုးငါးစိမ်းသည်ရို့အလျင်ကထက်များရေ
အတွက်ခံပါအုံး
မုံဖူးသရွှဖက်သီအပြုံးတိ ရပ်မြဲတိုင်းရပ်လို့ထော ..။

'မ'ခာတ်မပါပဲ ဘယ် ညာ နှစ်ဖက်ရို့အနီရောင်တဥပြီးတဥ
ငါစွာ အရာရာကိုအကောင်းတွေးညှိခွင့်ရချင်လို့
ကိုယ်ထင်ပြအနုသဿယကို ပြန်ရွှတ်တေ ပြန်ကောက်တေ
ယင်းပိုင်နန့်
ရိုင်သမ်ပြင်းကြိုးတပတ်လျှော့ပီးခရလီရေ ..။

အိန် ...
ကပျာကယာ alarm,alarm ထမအော်နှိုင်သိစွာ
ကောက်ယူစီကုံးကံကြမ္မာ ဦးသာစိန်ပန်း တခုချင်းစီနှ
နီလွန်လရိပ်တိ
လာလမ်းအတိုင်းရွှလို့ ...။ ။

## မော်ဒန်အလွမ်း

ယင်းနိုက
အသစ်စက်စက်ချွတ်ပီးလိုက်ရရေ
တိုင်ဆိုင်မှုအတွက် ခွင့်ရွှတ်ပါဆိုစကားနန့်
နှစ်ကာလကျက်ထိုး ငါ့နှလုံးသားတန်းခါးကို
ပန်းနုချယ်မျက်ဝန်း နှင်းဆီရောင်နှုတ်ခမ်းတစုံက
တဒေါက်ဒေါက် ခြီဖွနင်းခေါက်လိုက်တေ . . ။

ယင်းနိုက
ကျယ်လောင်မှုကို တိန်းဆိတ်ခြင်းကဖြိုခွင်း
ကိုယ်စီနားလည်ခြင်းနန့်ယူဇနာ အကွာအဝီးကိုနောက်ခိုင်း
ရှက်တကွန်သျှေ မျက်ရိပ်ထက်ကဘာသာစကားကို
ဖတ်တတ်နှိုင်ခရေ ငါစွာ
ဒုံနာလမ်းမာ ခြီလှမ်းတိကအယင်ပိုင်မဟုတ် . . ။



စုံလီပြန်ချိန်က အဝင့်ပင် အီးခဲလွန်းပါရေ
ဇာပါဝါဖြူဖြူရို့လင်ပယ်ထဲပြီးဆင်းနီကတ်ယင့်
အသက်မဲ့ကျောက်ဆောင်ရို့လှိုင်းသတ်တိုင်းတခွန်းပင်ပြန်မပြော
နီရာလုစီးချင်းမာ အမှောင်ကပိုကြီးစိုးလှာရေ
ချာလီကိုယ်သင်းရနံ့တဟုတ်လေး နှာခေါင်းမာဆို့လို့
တဒင်္ဂအနီမကျခြင်းကြားမာ
ငါအမြင်ချင်ဆုံးက နင့်အပြုံးတပွင့်ရာဖြစ်တေ . . ။

ဆယ်စုနှစ်များစွာထိ ငါ နီတတ်ခပါရေ
ဂုတော့ခါ Sunday တရက်က အစိမ်းရောင်ပုစ္ဆာကို
ငါတွက်တေ ပြီးကေ ငါ့ကိုငါ ပြန်တွက်တေ
တခုခုလပ်နီရေ ငါ့ခန္ဓာမာ အစာအိမ်တိလေးတခုခုလိုနီရေ
အဝီးကိုမမျှော်တတ်တေငါစွာ အဝီးကိုမျှော်နီရေ
ကာရန်ညှိရခက်လှာရေ တောင်းတချက်တိ
ရော့ခ်ဂီတတီးလုံးထက် အနက်ရောင်ကေသာကို လွမ်းရေ
ဝင်းပစလရောင်ကယဉ်ကျေးခြင်းစကားသံကို လွမ်းရေ
ဝတ်မုံကူးညည့်မာ ဖော်ရွှေမှု အမူအယာကို လွမ်းရေ
အနုပညာတောမာ အနုပညာဆန်ယောင်ကို လွမ်းရေ
ငါ နင့်ကိုလွမ်းရေ အလွမ်း အလွမ်းတိအားလုံးစွာ
အမြင့်ဆုံးမော်ဒန်တပုဒ်ပင်ဖြစ်တေ . . . ။ ။

# ရာဇဝင်သားကောင်

ကိုယ့်နာမည်ကိုကိုယ် ဆီးဆိုးပန်းဖော်ရာကအစ
တသားတည်း
ဆက်နွယ်မှုအားလုံးကိုဂရုတစိုက်ခမ်းနားချင်ခရေ
အကျယ်တဝင့် ရပ်တည်ဖို့ကြိုးစားခအယူအဆတိ
စည်ကားသိုက်မြိုက် ဈာပနအခင်းအကျင်းတခုပိုင်
ဟုတ်ယာအထင်နန့်
အဆုံးသတ်လိုက်ခါမှ ပြာတဆုပ်တော့ရလိုက်တေ . . ။

ထုံးစံအရဆိုကေ ဝါသနာကိုဖျာကာပစ်ဖို့လား
မဟုတ်သိ
မြင့်မြတ်ပါရေတခါသုံးဖောက်ခွဲ အနုမာနကြားမာ
ဉပါဒါန်အတိတ်ကံဆိုးကို ဘဝနန့်ဖသောက်တေ
အစွပ်မှားပင်လီပင်စွပ်တကောင်နေ့
ညီးကြိုင်သံထဲဆယ့်လေးရာစုပါရေ
အဖုအထစ်များလွန်း ဆက်ထုံးဖြီကျစ်ကြိုးတပင်က
အယုံ့းကိုတွက်လို့စစ်ပြီးလားရေကမ္ဘာကိုရှာတွိခချင်ယင့်
မသင်္ခါစရာထဲက
မသင်္ခါစရာတိကိုအမှန်ပင်ဖွင့်ဖတ်ပစ်လိုက်ဖို့ . . ။

သည်းခံတိုင်း ကောင်းစွာကားမဟုတ်
ဆင်ခြင်ပါ
တွေးတောပါ
မကြောက်ပါကေ့
ပြတ်လုနီးပါးနန်းရာထွင်ရင်ဘတ်တိ
ဟုတ်တိပတ်တိ နက်ယှိုင်းပါလတ်တေဒုက္ခကို

ကရုဏာသင့်စရာမလို ..။

သီချင်းပါရေ
အမြတ်ရဖို့လားအထာနန့်စိုက်ကြည့်ရေအနိမ့်ဆုံးငါ့အသံတိစွာ
စိတ်ကန္တာရတောမာ တလမ်းလုံးရှိမွတ်ပါလတ်တေ
တရီးပင်အိပ်စက်ခြင်းမဟိ
အဆင်မပြေခြင်းထဲကိုယ်ရွတ်ရုန်းကြည့်ရေ
မဖြစ်နိူင်စွာတိ ရီတံရှင်တခုပိုင်
ခြီဆန့်ငေါင်းဆန့်တန်နှံ့တလျှား
အခြင်းများရေလောကမာအဖျင်းတိလေး
ဖောက်မပေါက်ယောင်ပျစ်တေ
ဇာလောက်ထိဖြစ်ပျက်နီဖို့လေး ..။

အဆုံးထိတွက်ကြည့်ရေ
လာဘ်လာဘနောက်ခိုင်းမြောက်ဦးမြို့ကျုံးတံတိုင်း
ကျွီးအော်ခြင်းကြားမာ
ဟစ်တာလာကို ငါမသိ
မိုနာလီဇာကို ငါမသိ
စီရော်နယ်ဒိုကို ငါမသိ
ဗီးနပ်စ်ကို ငါမသိ
ခရစ်တော်မပေါ်မီကအစ
မာရယုကို ငါသိရေ
မင်းဗာကို ငါသိရေ
သမ္မတရာဇာကို ငါသိရေ
ငါစွာ အခါခါသီဆုံးအဆိပ်သင့်ရရေ ရာဇဝင်သားကောင်
ယေနန့် ....
နှစ်ရာ့ငါးဆယ်ခုနှစ်မင်းအပေါင်းကို ငါသိရေ ... ။ ။



## ခြုပ်ရိုးတမျှင်နှင့်အလင်း

အာရကၡဝဠာအတွက်စိမ့်ဖြာထွက်လတ်တေ
ခြုပ်ရိုးတမျှင်အလင်း
ခြုပ်ရိုးတမျှင်အလင်း
ခြုပ်ရိုးတမျှင်အလင်း

အမြစ်တွယ်ရင်သားကန်ဆာကပြည်ပိုျ
ပြည်အိုရို့တနုနုထွတ်စား
အတိတ်ထည်ဝါခြင်းဗိသုကာတိ
သွီးအိုင်လူးဟောင်းလောင်းပွင့်
ခြုပ်ရိုးပြီဂန္ထဝင်ညည့်ထက်သစ္စာတော်တည်ရင်ဘတ်နန့်သီကုံးခ
ခြုပ်ရိုးတမျှင်အလင်း
ခြုပ်ရိုးတမျှင်အလင်း
ခြုပ်ရိုးတမျှင်အလင်း

လာပျာ
အနတ္တာဒေသနာတပုဒ်ကိုယ့်အိမ်မှာ
အလုအယက်ဖူးပွင့်လှာကတ်ရ အညတြရို့ခမျာ
အရိုးတွန်ငိုခြင်းဖွဲ့မညှိုးအကုသိုလ်ပန်းတိလန်းဆန်း
ပစ္စက္ခအရှုဏ်ကိုနှိုးလို့ခရီးဆက်လှာကတ်
နန်းပျောက်သခင်ရို့အတွက်
ခြုပ်ရိုးတမျှင်အလင်း
ခြုပ်ရိုးတမျှင်အလင်း
ခြုပ်ရိုးတမျှင်အလင်း

တနားသျှေပင်ဖြစ်ဖြစ်
သိုင်ခေါင်တိုင်စည်းပြီအတ္တနန့်ထီးမိုးအရိပ်ခိုလှုံချင်သူရို့
ဝံသာနုကိုဖဝါးချင်းတိုင်း အဆီငင်ယစ်လုပ်စားလှာကတ်
ပျံသန်းမှုအနီအထားအရ
တကွဲ အချို့ ပုံသဏ္ဍာန်အချိုးအဆစ်မပြေပြစ်ခြင်းများ
၃၆၅ ကို မပြည့်ဝခြင်းနန့်ပေါင်းသင်းဝမ်းနှုတ်ယင်း
အကြိမ်ကြိမ်ကျုံရ
သန္ဓေဖျက်စိတ်ကြွဆီးပြားကငြိစွန်းရွတ်ကင်းလှာသော
ခြုပ်ရိုးတမျှင်အလင်း
ခြုပ်ရိုးတမျှင်အလင်း
ခြုပ်ရိုးတမျှင်အလင်း

တခုခုဆို အရက်ဖြူခွက်ထဲယောက်ျားပီသလှာကတ်
ပလတ်ဖြုတ်တရီးနိုးအလွန်မှအပျဉ်းထောင်တတ်တေ
နှလုံးရည် လက်ရုံးရည်တိ
လျှို့ဝှက်ပြည့်နှက်နီရေလောကမှာ
မပုပ်မသိုး မလျှို့ဝှက်သူတယောက်အကြောင်းကိုလိလာဖူးခ

ခြုပ်ရိုးတမျှင်အလင်း
ခြုပ်ရိုးတမျှင်အလင်း
ခြုပ်ရိုးတမျှင်အလင်း

ဝင်လာပါလို့
ဝတ်ကျီတန်းကျီစိဟ
ဗလာကျင်းသစ္စာကိုအကြိမ်ကြိမ်မှောက်ချ
တဝစားနောင်တကပြောရေ
တန့်ပါဖိ
ကုန်စျီးနှုန်းတိအဆမတန်မြင့်လွန်းပါရေလတ်
သက်ရှတ်တောက်ပြောင်မှုအထွင့်အထိပ်ကြားက
ဖျာကြမ်းတဝက်နန့်အမင်သွီးကြောလောင်းရိပ်ကင်းချင်ခရေ
ခြုပ်ရိုးတမျှင်အလင်း
ခြုပ်ရိုးတမျှင်အလင်း
ခြုပ်ရိုးတမျှင်အလင်း

ဒေအချိုးတိ တဆိပင်နောက်ဆုတ်ခြင်းမဟိ
ဆီးမစင်အမဲစွန်းလှာရ အရှုးအမူးစိတ္တဇမျဉ်းပြသဒါးအရ
လိုရာဆွဲ ညီစိုစိုဆိုးရန့်တသီးပုဂ္ဂလမနုဿတောနက်မာ
ပြောင်းပြန်လှန်ချိုး စာနာမှုတိဒူးထောက်ခယ
တခုခုကိုချော်ချဖို့
သတ္တိဗျတ္တိနန့်ညည့်ကိုအမှတ်ခြစ်ဒေသမိုင်းကိုရီးဆွဲခ
ခြုပ်ရိုးတမျှင်အလင်း
ခြုပ်ရိုးတမျှင်အလင်း
။ ။ ။ ။ ။ ။ ။ ။ ။ ။ ။ ။ ။ ။ ။

ရိုင်သမ်

အဆင်မပြေစွာကို ပြောပြဖို့
ဆာဟာရမျက်လုံးရိုင်းတောင်ဖံတိ
သျှစ်မျက်နှာစလုံး တပ်ဆင်ထားလိုက်တေ။

အခါယူအထီးကျန်မှုက ဝင်လိုက် ထွက်လိုက်နန့်
ဘီသိုဗိန်တီးလုံးခန်းခြောက်ရ နပိုလီယံလမ်းကျဉ်းမာ
အစိမ်းရောင်မာကျူရီတိ လှုလှုပပ ပြားစားနိုင်လွန်းရေ။

ဆန့်ထုတ်ခ ကွိကောက်သောလက်များ
နဖူးရင်ခွင်ကအိပ်စက်ခြင်းကို ပြောင်းရွှလိုလားခ
သက်ပြင်းရိုင်းရိုင်းတိ . . .॥ ॥



## ပုဏ္ဍာ

ဟုတ်တိပတ်တိ တည်ထွင်ဆန်းသစ်လှာကတ်
အညွှန့်တလူလူ ဗလာကျင်းခွဲမိုင်းတိ
ဒဏ်ရာထဲထိုးစိုက် နိမိတ်ပုံနှိုးအက္ခရာများ
သံသယစူးကိုရာသီအလိုက်စိုက်ပျိုးပါလတ်တေ
တခါက ယှုံးနိမ့်မှုအတွက်ဆိုယင့် . . .။

ကျယှုံးခြင်းများစွာနဲ့နီရဲသောလက်များ
အဘိဓမ္မာမဆန်ခ သံပတ်ပီးစိတ္တဇညဆိုးထဲ
စစ်အတွင်းယိုစီး ကျွီးသံ ငိုသံ တုန်လှုပ်သံများ
ပယောဂမကင်းသော နောင်တသံတိ
သံသရာပတ်လုံး ရှိလား နောက်လိုက် စွန်းထင်းပါလတ်တေ
. . .။

ဖို မ ဓာတ်သဘောသဘာဝအရ
စွဲမက်မှုနန့်အလိုတူမနမ်းယှိုက်ပါပဲ
အရိပ်စစ်တခုလုံး မျက်ရည်ဝှန်ပြန့်နှံ့ခအဆိပ်
ပပါးသွေ့နန့်မှီးထတောက် ရက်စက်သောအငြိုးများ
ဝင်းဝါနီလိုက်ပုံက တလက်လက်ကိုထလို့ ...။

သိပ္ပံနည်းကျကျ အငွေ့ပျံဆုတ်ယုတ်ခြင်းထဲ
တဖြင်းဖြင်းလှုပ်ခါနိုးမိသရွှိ
ကြက်သီးမွှီးညင်းရှို့ဖြိန်းဖြိန်းထ ထုံကျိုင်လွန်းပါရေ
မျှော်စင်ကျွန်းက
အလင်းဖောက်အားနည်းဗီတာမန်စီဓာတ်ရှို့စွာ
ရာခိုင်နှုန်းအပြည့်နန့် အံချော်လွဲလားရယုံကြည်ချက်အချို့
...။

ဆန့်ကျင်ဖက်ရှုမျှော်စိုက်ခင်းထဲ
ပုံမှန်ထက်အဆီကျပျားရည်တစက်ဇွယူဇနာမိုင်နှုန်းတိ
ပပါးချချပ်နှိမ်းကျုံ ရသတခွက်ကိုယ်အိမ်ကိုလှိုက်စား
ဝမ်းနည်းမှုက အနန္တအသချေ်ပ ...။

မအောင်မြင်မှုအတွက် သတင်းလက်ဆောင်ပီးပို့ချင်ခရေ
အဆုံး အစ ခိုင်ခန့်မှုပမာဏက အမှောင်နန့်တသားတည်း
ကဏ္ဍတခုစီက လူပီသ မပီသခြင်းဆိုစွာ
အဓိပ္ပာယ်များ စိုင်ဆက်မပြတ်စိမ့်ဝင်သော ပုစ္ဆာက
ဒေပိုင်ဟိရေ ...။ ။

## ကဗျာ

လမပြောက်သောညည့်စေတန်မိစ္ဆာလက်တော်အပါး
မလွတ်မလပ်အသွင်ပြောင်းပန်းဝတ်ဆံသုခုမအမှိုအနှစ်တိ
သကြဲဇ်ပေါင်းများစွာ မမာမကျန်းအသက်ငင်မှုများ
ပစ္စက္ခပြယုဂ်ထက် ညဏ်နီညဏ်နက်
ရှင်သန်အကင်းပါးမှုများ
အတိတ်ငတ်အာသီသတိ အခါခါသီစီရ
လူလားမမြောက်ခြင်းများ
ပြဿဒ်ကလောင်ရေမီးအညှက်ကိုထိုးချပစ်
ရဲရင့်ခြင်းပဋိညာဉ်ပတ်စီ
အဇ္ဈတ္တသန္တာန်မာ တည်မုံ အာပွင့် ကဗျာလက်နန့်
ဒေသမိုင်းအမှောင်တန်းခါးကို တိုးဖွင့်ဖူးခယင့် . . .။ ။

ဆက်လို့ကြိုးစားပါအုံးမေ။

ဝံသ
၂၀၁၆ ခုနှစ်၊ ဒီစမ်ဘာလ။